AUSCO

ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင်ရေးဆိုင်ရာ အစီအစဉ် သင်တန်း

# အလုပ်အကိုင်ဆိုင်ရာ ရပိုင်ခွင့်များ နှင့် စည်းကမ်းချက်များ

## သင် အလုပ်ခွင်၌ မျှော်လင့်နိုင်ရာ အကြောင်းများ




ဩစတြေးလျားတွင် သင်အလုပ်အကိုင်ရပြီးနောက် အလုပ်ဝင်လျှင် သင့်ထံ၌ ရပိုင်ခွင့်များရှိသည်။




သင့်ရပိုင်ခွင့်များက သင့်အနေနှင့် အောက်ပါတို့အား ရရှိစေရန် သေချာစေသည်။


- သင်လုပ်ကိုင်သည့်အလုပ်မျိုးအတွက် သင့်မြတ်သော လုပ်ခရခြင်း




- သင် အလုပ်လုပ်ရသော အချိန်ပေါင်းအတွက် လုပ်ခကို မှန်မှန်ကန်ကန်ရခြင်းတို့ဖြစ်သည်



- အောက်ပါကဲ့သို့သော သင် ရထိုက်သည့် ခွင့်ပြုပေးငွေများ သို့မဟုတ် အပိုဆောင်းငွေ




  - ပုံမှန်အချိန်ထက် ပိုလုပ်ရသော အချိန်များအတွက် အချိန်ပိုပေးငွေ
  - နစ်နာကြေးနှုန်း - စနေ၊ တနင်္ဂနွေ သို့မဟုတ် အများပြည်သူအားလပ်ရက်များတွင် အလုပ်လုပ်ရသည့်အတွက် သာမန်ထက်ပိုများသော လစာနှုန်း



- သင် လိုအပ်လျှင် နာမကျန်းခွင့်



- ဘေးအန္တရာယ်ကင်းသော အလုပ်ခွင်တို့ဖြစ်သည်




သင့်ထံ၌ အလုပ်သမားသမဂ္ဂတွင် ဝင်ပိုင်ခွင့်လည်းရှိသည်



အလုပ်သမားသမဂ္ဂ သည် အလုပ်ပုံစံချင်းတူ လုပ်ကြသူများအား ကြည့်ရှုစောင့်ရှောက်ပေးသော အစည်းအရုံးတစ်ခုဖြစ်သည်။



အောက်ပါသောသူများသည် သင့်ရပိုင်ခွင့်များအကြောင်းကို သင့်အား ကူညီရှာဖွေ ပေးနိုင်ကြသူများဖြစ်ကြသည်၊

- သင့်အလုပ်ရှင်



- သင့်အား အဆိုပြုသူ




- သင့် အမှုတွဲလုပ်သားတို့ဖြစ်သည်



သင်နေထိုင်သော ပြည်နယ်အပေါ်၌မူတည်ပြီး သင့်ထံတွင် ရပိုင်ခွင့်များ၏ ကွာခြားချက်များ ရှိကောင်းရှိနိုင်မည်ဖြစ်သည်။


# အလုပ်အကိုင်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ



အလုပ်များ၌ ကွဲပြားခြားနားသော စည်းကမ်းသတ်မှတ်ချက်များ အမြောက်အမြားရှိနိုင်သည်

အကယ်၍သင့်အလုပ်သည် အမြဲတမ်းအတွက်ဖြစ်လျှင်၊ သင်သည် အောက်ပါတို့ကဲ့သို့သော အပိုဆောင်းအရာများကို ရမည်။

- နာမကျန်းခွင့်
- လခရသော ခွင့်ရက်များ တို့ဖြစ်သည်





အကယ်၍သင့်အလုပ်သည် ကျပန်းဖြစ်လျှင်၊ သင်အလုပ်လုပ်သည့် အချိန်နာရီပေါင်းအတွက်သာ လုပ်ခရနိုင်သည်။




သင် အလုပ်လုပ်နိုင်ဖွယ်ရှိမည့်ပုံမှာ၊

- အချိန်ပြည့် - နေ့စဉ်




- အချိန်ပိုင်း - အချို့ရက်များ




- ရုံးချိန်များအတွင်း - နံနက် 9 နာရီမှ ညနေ 5 နာရီအထိ



- ညပိုင်း တို့ဖြစ်သည်။



သင် အလုပ်ရန်လိုအပ်သည့် အချိန်နာရီပေါင်းအတွက် သင် အလုပ်လုပ်နိုင်စွမ်းရှိမှသာ သင့်အနေနှင့် အလုပ်ကို လက်ခံသင့်သည်။



သင် အလုပ်နိုင်သော အချိန်အပေါ် အကျိုးသက်ရောက်မှု ရှိနိုင်ဖွယ် အခြား အရေးကြီးသော အရာများမှာ၊

- မိသားစု



- ပညာသင်ယူရန် တာဝန်ခံယူထားခြင်းတို့ဖြစ်သည်
    - o သင်လုပ်ရန် လိုအပ်သော လေ့ကျင့်သင်တန်း
    - o သင်တက်ရန် လိုအပ်သော သင်တန်း



သင်သည် နောက်ထပ်အချက်အလက်များကို တရားမျှတသော အလုပ်/ဖဲ ဝါက် (Fairwork) ဝက်ဘ်ဆိုက်၌ ရှာဖွေတွေ့နိုင်သည်။

[www.fairwork.gov.au](http://www.fairwork.gov.au)


# သင့်လုပ်ခထဲမှ နုတ်ငွေ




တစ်ခါတစ်ရံတွင် အရေးကြီးသောအရာများအတွက် သင့်လုပ်ခထဲမှ ငွေနုတ်ယူသည်။

၎င်းတို့အား နုတ်ယူငွေ များဟုခေါ်သည်။

နုတ်ယူငွေများမှာ အောက်ပါတို့အတွက် ဖြစ်နိုင်ဖွယ်ရှိမည်




- အခွန်ငွေ - သင် အစိုးရအား ပေးရန် လိုအပ်သော ငွေ




- အကယ်၍သင်သည် အသင်းဝင်တစ်ဦးဖြစ်ပါက၊ အသင်းဝင်ကြေး




- အခြား အကျိုးကျေးဇူးများ တို့ဖြစ်သည်




သင် အလုပ်စတင်ဝင်သောအခါ၌ သင်ထံမှ နုတ်ယူမည့်ငွေများအကြောင်းကို သင့် အလုပ်ရှင်အား မေးမြန်းပါ။




ကျသင့်ငွေ တောင်းခံလွှာများ နှင့် အိမ်လခတို့ကို ပေးချေဖို့ သင့်လုပ်ခထဲမှ နုတ်ယူရန်လည်း သင့်အနေနှင့် ဆုံးဖြတ်နိုင်သည်။

## အငြိမ်းစား ရံပုံငွေ




အငြိမ်းစား ရံပုံငွေ ဆိုသည်မှာ အငြိမ်းစားယူသည့်အခါ၌ နေထိုင်စားသောက်နိုင်ရေးအတွက် ငွေစုနည်းတစ်ခုဖြစ်သည်။



လူများသည် အသက် 65 နှစ်အရွယ်လောက်တွင် အလုပ်မလုပ်တော့ဘဲ၊ အငြိမ်းစားယူခြင်းမှာ သမားရိုးကျဖြစ်သည်။




အလုပ်လုပ်နေကြသူတိုင်း အားလုံးနီးပါးသည် အငြိမ်းစား ရံပုံငွေ အဖွဲ့အစည်းတစ်ခုခုကို မဖြစ်မနေ အဖွဲ့ဝင်ရသည်။

ဥပဒေအရ၊ သင့်အလုပ်ရှင်သည် သင့် အငြိမ်းစား ရံပုံငွေထဲသို့ ငွေထည့်သွင်းပေးရန် လိုအပ်သည်။




အကယ်၍သင် အလိုရှိပါက၊ သင်လည်း သင့် အငြိမ်းစား ရံပုံငွေထဲသို့ ငွေအပို ထည့်သွင်းနိုင်သည်။



သင်သည် အငြိမ်းစား ရံပုံငွေအကြောင်းနှင့်ပတ်သက်ပြီး နောက်ထပ်အချက်အလက်များကို ဩစတြေးလျား အခွန်စည်းကြပ်ရေးရုံး (Australian Taxation Office - ATO) နှင့် Moneysmart ဝက်ဘ်ဆိုက်တို့တွင် ရှာဖွေတွေ့နိုင်သည်။

- www.ato.gov.au/super/
- www.moneysmart.gov.au/superannuation-and-retirement

# လုပ်ငန်းခွင်၌ ကျန်းမာရေး နှင့် ဘေးအန္တရာယ်ကင်းရေး




ပြည်နယ် နှင့် ဒေသတိုင်းတွင် လူများအား အလုပ်ခွင်၌ ဘေးကင်းလုံခြုံစွာ ထားရှိရန်အတွက် အထောက်အကူပြုသော ဥပဒေများရှိသည်။

ဤဥပဒေများတွင် အောက်ပါတို့ပါဝင်သည်။



- အကယ်၍သင် လိုအပ်လျှင် အသုံးပြုနိုင်သော သင့်အနေနှင့် အကူအညီ ရရှိနိုင်သည့် ဘေးကင်းလုံခြုံမှုရှိသော လုပ်ငန်းခွင်တစ်ခုကို ထားရှိပေးခြင်း



- ဘေးကင်းလုံခြုံမှု မရှိသောအရာများနှင့် ပတ်သက်ပြီး သင့်အား လေ့ကျင့်သင်တန်းပေးခြင်း



- သင်လုပ်ငန်းခွင်၌ရှိစဉ် သင် ကျန်းမာလျက်ရှိရန် သေချာစေခြင်း




- ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ အကြောင်းအရာများကို အလွန်ကောင်းစွာ သိရှိနားလည်ထားကြပြီး အခြားသူများအားလည်း ကူညီနိုင်သော ဝန်ထမ်းများရှိခြင်း




သင် အလုပ်လုပ်နေသောနေရာ၌ ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သင် လိုက်နာရန် လိုအပ်သည်

သင် အောက်ပါတို့ကို လုပ်အပ်သည်



- သင့် မန်နေဂျာများက သင့်အား လုပ်ခိုင်းသည်များကို လုပ်ခြင်း



- သင့်အား ဘေးကင်းလုံခြုံစေသော အဝတ်အစားများကို ဝတ်ဆင်ခြင်း



- သင့် လုပ်ရပ်များက သင် သို့မဟုတ် အခြားသူများအား မထိခိုက်နိုင်ရန် သေချာစေခြင်းတို့ဖြစ်သည်



သင်သည် နောက်ထပ်အချက်အလက်များကို ဘေးအန္တရာယ်ကင်းသော အလုပ်/ဆေးဖ် ဝါက် (Safework) ဝက်ဘ်ဆိုက်၌ ရှာဖွေတွေ့နိုင်သည်။

www.safeworkaustralia.gov.au

ဤစာမျက်နှာကို ရည်စူး၍ အလွတ်ထားခြင်းဖြစ်သည်


Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ
အဖွဲ့အစည်း မှ ပို့ချပေးသည်။

IOM • OIM